**CHIN NATIONAL COUNCIL**
**General Headquarters, Chinland**

## နအဖ စစ်အုပ်စုမှ ကြေညာချက်အမှတ် ၁၀/၂၀၀၈ ဖြင့် ထုတ်ပြန်သော လူထုဆန္ဒခံယူပွဲရလဒ်အပေါ် ချင်းအမျိုးသားကောင်စီ၏ သဘောထား ထုတ်ပြန်ကြေညာချက်

၁။ နအဖ စစ်အုပ်စုသည် ၂၀၀၈ ခုနှစ်၊ မေလ(၁၀)ရက်နေ့တွင် တဖတ်သတ် ကျင်းပပြုလုပ်သည့် လူထုဆန္ဒခံယူပွဲနှင့် ပတ်သက်၍ ၂၀၀၈ ခုနှစ်၊ မေလ(၁၅)ရက်နေ့တွင် ကြေညာချက်အမှတ် ၁၀/၂၀၀၈ ဖြင့်–

၁။ ဆန္ဒမဲပေးခွင့်ရှိသူ –၂၂၇၀၈၄၃၄ ဦး
၂။ ဆန္ဒမဲပေးသူ –၂၂၄၉၆၆၀ ဦး
၃။ ထောက်ခံမဲပေးသူ –၂၀၇၈၆၅၉၆ ဦး
၄။ ကန့်ကွက်ဆန္ဒမဲပေးသူ – ၁၃၇၅၄၈၀ ဦး
၅။ ပယ်မဲ – ၃၃၄၅၈၄ ဦး
၆။ ဆန္ဒမဲပေးသူမှာ (၉၉ ． ၀၇) ရာခိုင်နူန်းရှိပြီး ထောက်ခံမဲပေးသူမှာ(၉၂． ၄) ရာခိုင်နူန်းဖြစ်ကြောင်း လူထုဆန္ဒခံယူပွဲရလဒ်ကို ထုတ်ပြန်ကြေညာလိုက်သည်။

၂။ ၎င်း နအဖ ကြေညာချက်သည် လွတ်လပ်ပြီး တရားမျှတသော (Free and Fair) လူထုဆန္ဒခံယူပွဲမဖြစ်ခြင်းနှင့် ပြည်သူလူထု၏ စစ်မှန်သော လိုအင်ဆန္ဒကို မထင်ဟပ်ခြင်းစသည့် အောက်ဖော်ပြပါ အခြေအနေများကြောင့် ချင်းအမျိုးသားကောင်စီမှ လုံးဝ ယုံကြည်လက်ခံနိုင်ခြင်း မရှိကြောင်း ထုတ်ပြန်လိုက်ပါသည်။

- နအဖ စစ်အုပ်သည် ပြည်သူလူထုမှ ရွေးချယ်ထားသည့် တရားဝင် အစိုးရ မဟုတ်ခြင်း၊ ၎င်း စစ်အုပ်စုအနေဖြင့် လူထုခံယူပွဲအပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြုလုပ်ပိုင်ခွင့် လုံးဝမရှိခြင်း၊
- လူထုဆန္ဒခံယူပွဲမပြုလုပ်ခင် ပြည်သူလူထုမှ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)ကို လေ့လာဖတ်ရှုဝေဖန်မှုပြုလုပ်နိုင်ရန် ပြည်သူလူထုရှေ့မှောက်တွင် လုံလောက်သော ဖြန့်ချီမှုနှင့် အချိန်မပေးခြင်း၊
- လူထုဆန္ဒခံယူပွဲပြုလုပ်ချိန်တွင် လူထုမှကန့်ကွက်မဲထည့်ခဲ့သည်ကို ထောက်ခံမဲအဖြစ် တရားမဝင် လိမ်လည်ပြောင်းလဲခြင်း၊
- တချို့နယ်မြေများတွင် လူထုမှကန့်ကွက်မဲထည့်ခဲ့ခြင်းကို အဏာပိုင်များမှ လက်မခံဘဲ ခြိမ်းခြောက်ပြီး ဒုတိယအကြိမ် ထောက်ခံမဲပြန်လည်ထည့်ခိုင်းခြင်း၊
- လူထုမှ ကန့်ကွက်မဲ မထည့်ရဲအောင် တချို့ဒေသများတွင် တိုကင် (Token) နံပါတ် မှတ်ထားကာ မဲထည့်ခိုင်းခြင်း၊
- ကြိုတင်မဲပေးစနစ်ကျင့်သုံးရာတွင် မဲပြားကိုစာအိတ်ဖြင့် ထည့်ထားပြီး မဲပေးသူမှ စာအိတ်ပေါ်တွင်သာ လက်မှတ်ရေးထိုးကာ အထဲ၌ မည်သို့သော အမှတ်အသားရေး သားထားသည်ကို မသိရှိနိုင်ခြင်း၊
- တချို့ကျေးရွာများတွင် မဲပေးခွင့်ရှိသူအားလုံးမှ မဲမပေးခိုင်းဘဲ ၎င်းတို့စိတ်ကြိုက် လူတချို့ကိုသာ မဲပေးခိုင်းခြင်း၊ တချို့ကျေးရွာများတွင် ရွာသားများမှ မဲမပေးဘဲ ရွာသားများ ကိုယ်စား ရယကအဖွဲ့မှ မဲပေးခြင်း၊
- တချို့ မဲရုံများတွင် လွတ်လပ်စွာမဲပေးနိုင်ခြင်းမရှိဘဲ စစ်သား၊ ရဲနှင့် မဲရုံမှူးများ ရှေ့မှောက်တွင် မဲပေးခိုင်းခြင်း၊
- ဒီမိုကရေစီနှင့် တိုင်းရင်းသားအခွင့်အရေးရချင်ရင် ထောက်ခံမဲထည့်ကြရန် ပြည်သူလူထုကို လိမ်လည်လှည့်ဖျားပြီး မဲထည့်ခိုင်းခြင်း၊

- တချို့ဒေသများတွင် လူဆင်မမို၊ စိတ်မနှံ့သူများကို ဖျားယောင်းသွေးဆောင်ပြီး ထောက်ခံမဲ ထည့် ခိုင်းခြင်း၊
- ငတ်မွတ်ခေါင်းပါးမှုဘေးကြုံတွေ့နေရသော အချို့ဒေသများတွင် ထောက်ခံမဲပေးမှသာ ဆန်နှင့် အခြားအစားအစာများ ထုတ်ပေးမည်ဖြစ်ကြောင်း အကြပ်ကိုင်ပြီး ထောက်ခံမဲကို မရိုးမသား ရယူခဲ့ခြင်း၊
- တချို့နေရာဒေသများတွင် အိမ်ထောင်စုစာရင်းကိုသာယူပြီး ၎င်းကိုထောက်ခံမဲအဖြစ် အတည် ယူခဲ့ခြင်း၊
- တချို့ကျေးရွာများတွင် ထောက်ခံမဲမထည့်ပါက တရွာလုံးမီးရှို့မည်ဖြစ်ကြောင်း ခြိမ်းခြောက်ကာ ထောက်ခံမဲထည့်ခိုင်းခြင်း၊
- တချို့ဒေသများတွင် မဲပေးချိန်ကို နံနက် ၉း၀၀ မှ ၁၁း၀၀ နာရီအထိသာ မဲထည့်ခွင့်ပေးပြီး မဲရုံ ပိတ်ခဲ့ခြင်း၊
- တချို့ဝန်ထမ်းများကို ဧပြီလ လစာထုတ်ချိန်တွင် ထောက်ခံမဲကို ကြိုတင်အတင်းအဓမ္မထည့်ခိုင်း ပြီးမှသာ လစာထုတ်ပေးခြင်း၊

စသည့် မတရား လုပ်ရပ်များသည် ၅၇ သန်းသော မြန်မာပြည်သူလူထု၏ ဆန္ဒကို လုံး၀ လစ်လျူရှုပြီး ပြည်သူလူထုအပေါ် မထီမဲ့မြင်စော်ကားခြင်းဖြစ်သည်။ ထို့ကြောင့် ချင်းအမျိုးသားကောင်စီ အနေဖြင့် နအဖ စစ်အုပ်စု၏ လူထုဆန္ဒခံယူပွဲရလဒ်ကို လုံး၀ လက်မခံ ပယ်ချသည်။

၃။ ကမ္ဘာ့ကုလသမဂ္ဂအပါဝင် အိန္ဒိယ၊ တရုတ်နှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ နအဖ စစ်အုပ်စု၏ လူထုဆန္ဒခံယူပွဲရလဒ်ကို ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပြီး ပယ်ချသွားကြပါရန်နှင့် စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်ရေး အမြန်ဆုံးဖော်ဆောင်နိုင်ရေးအတွက် ပိုမိုဖိအားပေးသွားကြပါရန် အလေးအနက် တောင်းဆိုသည်။

၄။ နအဖ စစ်အုပ်စုမှ လိမ်လည်ကြေညာသော လူထုဆန္ဒခံယူပွဲရလဒ်အပေါ် ချင်းပြည်သူတရပ်လုံးအနေဖြင့် လုံး၀ စိတ်ဓါတ်ကျ အညှုံ့ခံခြင်းမရှိဘဲ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့်အ၀အာမခံချက်ပေးမည့် စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးနှင့် ဒီမိုကရေစီပြန်လည်ထူထောင်နိုင်ရေးအတွက် ချင်းအမျိုးသားကောင်စီနှင့် အတူ လက်တွဲပြီး ဆက်လက်တိုက်ပွဲဝင်သွားကြပါရန် အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားကောင်စီ

ရက်စွဲ။ ၂၀၀၈ ခုနှစ်၊ မေလ (၁၇)ရက်နေ့။

**Media Contact:**

Dr. Lian H Sakhong
Chairman
Chin Nation Council
Tel: +66 (0)810296100

Ral Hnin
General Secretary
Chin National Council
Tel: +91(0)9436384619